# ညွှတ်နူးဖွယ်နှလုံး အမွန်မြတ်ဆုံးရသ

အရှင်ဉာဏိကာဘိဝံသ

အလွန်ကျယ်ပြောလှသောကမ္ဘာကြီးပေါ်မှာ စာရေးသူတို့လုပ်သင့်တာတွေ အများကြီးပဲရှိနေတယ်ဆိုတာ နားလည်ထားရမှာပါ။ လုပ်သင့်လုပ်ထိုက်တဲ့အရာတိုင်းကို လုပ်နိုင်ဖို့စွမ်းအားရှိကောင်းမှရှိမှာဖြစ်ပေမယ့် စာရေးသူတို့လုပ်နိုင်တဲ့အရာတွေထဲမှာ လုပ်သင့်တဲ့အရာတွေပါဝင်လို့နေတယ်ဆိုတာကိုတော့ သိထားဖို့လိုအပ်မှာပါ။ တစ်နေ့ရာရာ တစ်စုံတစ်ခု သို့မဟုတ် တစ်စုံတစ်ယောက် အတွက် စာရေးသူတို့အသီးသီးဟာ တကယ်လိုအပ်တဲ့သူတစ်ယောက်အမှန်တကယ်ဖြစ်နေမှာ မလွဲပါဘူး။ စာရေးသူတို့အသီးသီးမှာရှိနေကြတဲ့ ကိုယ်ပိုင်စွမ်းရည်တွေကို လျော့ပြီးတွက်ဆထားတာကြောင့် လုပ်သင့်ပါလျက် လုပ်လည်းလုပ်နိုင်ပါလျက် မလုပ်ဖြစ်ခဲ့တဲ့အရာတွေဟာဖြင့် ဖြတ်သန်းလာခဲ့ရတဲ့ စာရေးသူတို့ဘဝတစ်လျှောက်မှာ အကြိမ်များစွာရှိခဲ့ကြမှာပါ။ ကြီးမားတဲ့ သိသာထင်ရှားတဲ့ အကျိုးရလဒ်များဖြစ်ပေါ်အောင် ဖန်တီးနိုင်မှသာလျှင် စွမ်းဆောင်ရည်ရှိသူရယ်လို့ သတ်မှတ်စွဲယူထားတဲ့ မိရိုးဖလာအစွဲတစ်ခုဟာ တစ်ခါတစ်ခါမှာတော့ စာရေးသူတို့ရဲ့စွမ်းဆောင်နိုင်မှုအင်အားတွေကို လျော့ကျပျော့ညံ့သွားအောင် ဖန်တီးတတ်ပါတယ်။ ကိုယ့်ကိုကိုယ် ယုံကြည်မှုတွေကိုလဲ နှုတ်ယူလို့သွားတတ်ပါတယ်။

ယန္တရားတစ်ခုရဲ့စွမ်းဆောင်နိုင်ရည်ပမာဏကို ကိရိယာတန်ဆာပလာတစ်ခုနဲ့ တိုင်းတာပြလို့ရကောင်းက ရမှာဖြစ်ပေမယ့် ယန္တရားမဟုတ်တဲ့ သက်ရှိသတ္တဝါတစ်ဦးရဲ့ စွမ်းဆောင်နိုင်ရည်ကိုတော့ အရာဝတ္ထုတစ်ခုနဲ့ တိတိကျကျတိုင်းတာပြဖို့ ခက်ခဲပါလိမ့်မယ်။ အဲဒီသက်ရှိသတ္တမျိုးနွယ်စုထဲမှာ ပါဝင်လေတဲ့ စာရေးသူတို့လူသားတစ်ဦးရဲ့ စွမ်းရည်ဆိုတာကတော့ ဘယ်အချိန်ခါမှာမဆို ဘယ်အရာဝတ္ထုတန်ဆာပလာနဲ့မှ တိုင်းတာလို့ရမှာမဟုတ်ပါဘူး။ လူသားတစ်ဦးရဲ့စွမ်းဆောင်နိုင်ရည်ဟာ ကာယခွန်အား တစ်ခုတည်းသာမဟုတ်တာလေကြောင့် တိုင်းတာလို့မရနိုင်ဘူးလို့ဆိုရတာပါ။ တီထွင်ဖန်တီးနိုင်မှု ၊ ကျိုးကြောင်းဆင်ခြင်နိုင်မှုစတဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေ ၊ အားထုတ်လုပ်ကိုင်မှု ၊ လက်လျော့အရှုံးမပေးလိုမှု လုံ့လဇွဲတွေစတဲ့ စတဲ့ လူသားတစ်ဦးပိုင်ဆိုင်ထားတဲ့ ထူးခြားတဲ့ဝိသေသလက္ခဏာများဟာဖြင့် တိုင်းတာလို့ မရကောင်းတဲ့ အရာများပင် မဟုတ်ပါလား။ နောက်ပြီး ညှာတာထောက်ထားတတ်မှု ၊ ဖေးမကူညီတတ်မှုနဲ့ ရသကိုခံစားနိုင်မှုစွမ်းရည်တို့ဟာ ဘာအရာနဲ့မှလဲလှယ်အစားထိုးမရနိုင်တဲ့ လူသားတို့ရဲ့ ပိုင်ဆိုင်မှု ရတနာတစ်ပါးသာ ဖြစ်ပါတယ်။

ကုသိုလ်အကြောင်းကံရဲ့ မျက်နှာသာပေးမှုကြောင့် ထူးခြားစွာရရှိလာခဲ့တဲ့ ထောက်ထားညှာတာမှု ၊ ဖေးမကူညီမှု ၊ ရသကိုခံစားနိုင်မှုစတဲ့ကောင်းခြင်းမင်္ဂလာတို့ကို စာရေးသူတို့အနေနဲ့ အပြည့်အဝ ရယူသုံးစွဲဖို့သင့်လှပါတယ်။ ရပိုင်ခွင့် သုံးစွဲခွင့်ရရှိထားတဲ့အရာတွေကို မျက်နှာလွှဲခဲ့မယ်ဆိုရင်ဖြင့် လူသားတစ်ဦးရဲ့ ထူးခြားတဲ့ဖြစ်တည်မှုဆိုတာ ဘာမှအဓိပ္ပါယ်ရှိတော့လေမှာ မဟုတ်ပါဘူး။ စာရေးသူတို့ရဲ့အဆင့်ဟာလည်း အရိုင်းအဆင့်အတန်းကနေ မတက်နိုင်တဲ့ သာမန်ဉာဏ်ရည်နိမ့်သတ္တဝါတို့နဲ့ ထူးခြားတဲ့အသွင်ကို ဆောင်နိုင်တော့မှာမဟုတ်ပါဘူး။

ကုသိုလ်ကံရဲ့မျက်နှာပေးမှုကြောင့် ထူးခြားစွာရရှိလာတဲ့ စာရေးသူတို့လူသားစွမ်းရည်တွေထဲမှာ ရသကိုခံစားနိုင်မှု ခံစားတတ်မှုစွမ်းရည်ဟာဖြင့် အလွန်မှဘဲ နက်ရှိုင်းကျယ်ပြန့်လှတာကိုတွေ့

ရမှာပါ။ တမလွန်ဘဝကောင်းကျိုးဆောင်တရားများရဲ့ အခြေခံအချက်တွေထဲမှာ ပဓာနကျလှတဲ့ အရာတစ်ခုဖြစ်တယ်လို့ ပြောလိုက ပြောနိုင်မယ်ထင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ထင်ရှားတဲ့ ဝတ္ထုလေး တစ်ပုဒ်ကိုပြောပြချင်ပါတယ်။ စာရေးသူတို့ငယ်စဉ် ရွာဦးကျောင်းဆရာတော်ရဲ့ရှေ့မှောက်မှာ မဟာဝင်ကျမ်းစာကိုအလှည့်ကျဖတ်ပြရင်း သိရှိခဲ့ရတဲ့ ဒီဝတ္ထုလေးဟာ ရသခံစားနိုင်မှုမှာ လူ့စွမ်းရည်ရဲ့ ထူးခြားတဲ့လှပဟန်ကို ရှာဖွေလို့ရနိုင်မယ်ထင်ပါတယ်။

မဟာဝင်ဆိုတာ စာရေးသူတို့ထေရဝါဒဗုဒ္ဓဘာသာဝင်တို့နဲ့ မစိမ်းလှတဲ့ ကျမ်းတစ်ခုပါ။ မဟာဝင်မှာပါရှိတဲ့ ဒုဋ္ဌဂါမဏိမင်းဆိုတာကိုလဲ ထေရဝါဒအစဉ်အဆက် ဆင်းသက်လာမှုကို အတန်အသင့်မျှကြားဖူးသူတို့ပင်သိကြပါတယ်။

ကိုယ်တည်းတစ်ယောက် ၊ ချမ်းသာရောက်ဖို့ ၊ ခုလောက်ကြိုးကုတ် ၊ အားမထုတ်ဘူး ။ ဗုဒ္ဓမြတ်စွာ ၊ သာသနာ၏ ၊ ရှည်စွာအစွန့် ၊ ရောင်လျှံကွန့်ဖို့ ၊ စွန့်စွန့်စားစား ၊ ငါကြိုးစားသည် ၊ စိတ်ထားငဲ့မှာအမြဲတည်း– ဆိုတဲ့ တောင်မြို့ ဂန္ဓာရုံဆရာတော်ရဲ့ လင်္ကာလေးဟာ ဒုဋ္ဌဂါမဏိမင်းရဲ့ အဓိဋ္ဌာန်စကားကို သီကုံးထားတဲ့ လင်္ကာလေးတစ်ပုဒ်ဖြစ်ပါတယ်။ ဒီလောက်ဆိုရင် ဒုဋ္ဌဂါမဏိမင်းရဲ့ သာသနာအပေါ်ထားတဲ့သဘောထားကို ခန့်မှန်းမိလောက်မယ်ထင်ပါတယ်။

နောက်ပြီးသီဟိုဠ်သမိုင်းမှာ အလွန်ထင်ရှားတဲ့ မဟာစေတီတည်ထားခြင်း ၊ မရိစဝဋ္ဋိကျောင်းတည်ထားခြင်းစတဲ့ ကြီးမားတဲ့ခန့်ထည်သော အလှူဒါနများကို ပြုလုပ်ခဲ့တဲ့ မင်းတစ်ပါးဖြစ်ပါတယ် ။ သီဟိုဠ်တစ်ကျွန်းလုံးမှာသီတင်းသုံးတော်မူကြတဲ့သံဃာတော်များကိုလဲ တိစီဝရိတ်သင်္ကန်းများ အကြိမ်ကြိမ်လှူဒါန်းခြင်း ၊ အလွန်တရာထူးကဲမွန်မြတ်လှတဲ့ဆွမ်းဘောဇဉ်အာဟာရများနဲ့လှူဒါန်းပြုစုခြင်း ၊ ဆေးပစ္စည်းများဖြင့်ထောက်ပံ့လှူဒါန်းခြင်းစတဲ့ ရေတွက်လို့ကုန်နိုင်ဖွယ်မရှိတဲ့ မဟာအသဒိသ အလှူဒါနများကို ထူးထူးခြားခြား လှူဒါန်းခဲ့တဲ့မင်းတစ်ပါးဖြစ်ပါတယ်။ စစ်တိုက်ထွက်ရာမှာပင် သံဃာတော်အရှင်မြတ်များကို တပါတည်းပင့်ဖိတ်ပြီး ဆွမ်းလုပ်ကျွေးမှုကို ပြုလုပ်လေ့ရှိတယ်လို့ဆိုပါတယ်။ သာသနာတော်ကိုကြည်ညိုလှတာကြောင့် ငါးကြိမ်တိုင်တိုင်မင်းအဖြစ်ကို လှူဒါန်းခဲ့တယ်လို့မှတ်တမ်းများအရ သိရပါတယ်။ ပြောရမယ်ဆိုရင်တော့ လူသာမန်တို့ပြုနိုင်ခဲတဲ့ အလှူဒါနများကို ထူးခြားစွာပြုနိုင်ခဲ့တဲ့မင်းတစ်ပါးဖြစ်တယ်လို့ပြောနိုင်ပါတယ်။

ဒုဋ္ဌဂါမဏိမင်းရဲ့ဘဝထဲကထူးခြားလှပတဲ့အမှတ်ရဖွယ်တစ်ခုကိုလဲပြောပြခြင်ပါတယ်။တစ်ချိန်မှာ ညီတော်ဖြစ်တဲ့တိဿမင်းနဲ့ စစ်ခင်းခဲ့ရပါတယ်။ ကံအကြောင်းမလှတာကြောင့် ဒုဋ္ဌဂါမဏိမင်းကြီး ရှုံးနိမ့်ကာ တိုင်းနိုင်ငံကနေထွက်ပြေးခဲ့ရပါတယ်။ ဒီလိုထွက်ပြေးရာမှာ  သူ့နောက်မှာ ကျွန်တစ်ယောက်ရယ် မြင်းတစ်စီးရယ် တစ်ယောက်စာထမင်းတစ်ထုပ်ရယ်ပဲ ပါလာခဲ့ပါတယ်။ အလွန်ဆာလောင်မွတ်သိပ်ချိန်မှာ ပါလာတဲ့ထမင်းထုပ်ကို မင်းကြီးရယ် ကျွန်ရယ် မြင်းရယ် ခွဲဝေစားသောက်မယ်ပြင်ခိုက်မှာပဲ ရဟန်းတော်တစ်ပါးအနီးအပါးကို ကြွလာခိုက်နဲ့ကြုံလေတာကြောင့် မိမိအတွက်ဝေစုကိုမစားပဲ ရဟန်းတော်ဘုန်းပေးနိုင်ရန်အတွက် လှူဒါန်းခဲ့ပါတယ်။ ဒုဋ္ဌဂါမဏိမင်းကြီးရဲ့သာသနာတော် အပေါ်ထားတဲ့သဘောထားတွေ လုပ်ဆောင်ချက်တွေသာ ထူးခြားတာမဟုတ်ပါဘူး ။ ဘာသာရေးအသိဉာဏ်ဟာလဲ မနိမ့်ပါးလှတာကိုတွေ့နိုင်ပါတယ်။ ကံတော်ကုန်ခါနီး အိပ်ရာညောင်စောင်းပေါ်မှာ လဲလျောင်းရင်း ကြံစည်ခဲ့တဲ့ အကြံအစည်နဲ့ အဘယမထေရ်ကိုလျှောက်ထားခဲ့တဲ့လျှောက်ထားချက်တို့ဟာ ဒုဋ္ဌဂါမဏိမင်းရဲ့ ဘာသာရေးအသိဉာဏ်မနိမ့်ပါးလှကြောင်းကို သက်သေပြတဲ့စကားများဖြစ်ပါတယ်။ "အကြင်အဘယမည်သော သူရဲကြီးသည် နှစ်ဆယ့်ရှစ်ကြိမ်တိုင်အောင် ကျေးမင်းတို့နှင့်စစ်ထိုးကြရာ၌ ငါမရှုံ့အံ့သည်ဖြစ်၍ ငါ့ထံ၌ဝန်းရံကာ အဖော်ပြုလုပ်သည်။ ယခုအခါ သေမင်းနှင့်စစ်ထိုးရာ၌ ငါရှုံးလတံ့

သည်ကိုမြင်သောကြောင့် ငှါထံသို့ မကပ်လာသည်ထင်၏ ဟုကြံတွေး၏”–ဆိုတဲ့ ကြံတွေးချက်ဟာ မင်းကြီးရဲ့ဘာသာရေးအသိဉာဏ် မြင့်မားမှုကိုပေါ်လွင်စေပါတယ်။ နောက်ပြီး “အရှင်ဘုရား အကျွန်ုပ်သည် ရှေးအခါ သူရဲကြီးတစ်ကျိပ်ဖြစ်ကုန်သော အရှင်မြတ်တို့နှင့်တကွ စစ်ထိုးရပ်ပေပြီ။ ယခုမူကား ကျွန်ုပ်တစ်ယောက်တည်းသာလျှင် သေမင်းနှင့်စစ်ထိုးခြင်းငှာ အားထုတ်ရ၏။ သေမင်းတည်းဟူသော ရန်သူကို ရှုံးစိမ့်သောငှာ မတတ်နိုင်ချေ”– ရယ်လို့ အဘယမထေရ်ကိုလျှောက်ထားတဲ့စကားတို့ဟာ သာမန်ဘာသာရေးအသိဉာဏ်ရှိသူတို့ရဲ့ စကားများ မဟုတ်ပါဘူး။

**သဗ္ဗေ ဘာယန္တိ မစ္စုနော**– အလုံးစုံသော သတ္တဝါတို့ဟာ သေဘေးကိုကြောက်တတ်ကြတယ် – ဆိုတဲ့အတိုင်း သေဘေးနဲ့ကြုံလာတဲ့အခါမှာ ဒုဋ္ဌဂါမဏီမင်းကြီးဟာလဲ တုန်လှုပ်မှုရှိလာပါတယ်။ ဒီအခါမှာ အဘယမထေရ်ရဲ့ဆုံးမလမ်းညွှန်မှုနဲ့ ကျန်းမာနုပျိုစဉ်က မင်းကြီးပြုလုပ်ခဲ့တဲ့ကုသိုလ်စာရင်းကို စာဂါနုဿတိပွားစေနိုင်ဖို့ ဖတ်ကြားစေပါတယ်။ “မြတ်သောမင်းကြီး အရှင်မင်းကြီးသည် သာသနာတော်၏အကျိုးစီးပွားများစိမ့်သောငှာ ကိုးဆယ့်ကိုးဆောင်သောကျောင်းတို့ကို ကောင်းစွာဆောက်လုပ်တော်မူပြီ။ တစ်ဆယ့်ကိုးကုဋေသောဥစ္စာတို့ဖြင့် မရီစဝဋ္ဋိမည်သောကျောင်းကိုလည်း ဆောက်တော်မူပြီ။ ကုဋေသုံးဆယ်သော––––စသဖြင့် ဒုဋ္ဌဂါမဏီမင်းကြီးပြုလုပ်ခဲ့တဲ့ အလွန်ခမ်းနားကြီးကျယ်များပြားလှတဲ့ ကုသိုလ်စာရင်းများကိုဖတ်ကြားခဲ့ပါတယ်။ ငွေကြေးကုဋေမြောက်များစွာ အကုန်အကျခံပြီး အဲဒီကြီးကျယ်ခမ်းနားလှတဲ့အလှူတော်ကြီးတွေစာရင်းကိုဖတ်ကြားရာမှာ ဒုဋ္ဌဂါမဏီမင်းကြီး အနေနဲ့ ထူးခြားလှတဲ့ ဝမ်းမြောက်မှုကို မဖြစ်စေပါဘူး။

“အရှင်မင်းကြီး အရှင်မင်းကြီးသည် ညီတော်တိဿနှင့် စစ်ထိုးကြသဖြင့် အရေးမလှ၍ ပြေးရသောအခါ တစ်ယောက်စာသောထမင်းကို ကိုယ်အသက်ကိုမငဲ့ကွက်ပဲ ရဟန္တာအရှင်မြတ်တစ်ပါးကို အကုန်လှူလိုက်ရပြီ”–ဆိုတဲ့ စာရင်းကိုဖတ်ကြားရာမှာတော့ မင်းကြီးဟာ အလွန်မှပဲ ကြည်နူးပီတိဖြစ်တာကြောင့် နှုတ်ကထုတ်ဖော်ပြီး ခုလိုမိန့်ကြားခဲ့ပါတယ်။ “ဤသို့အစိုးရသောအခါ၌ ငါလှူခဲ့သော အလှူဒါနသည် များလှစွာရှိသော်လည်း စိတ်ကမနှစ်သက်လွန်သေး။ ဆင်းရဲဘေးကိုတွေ့လျက် အသက်ကိုမငဲ့မူ၍ လှူရသောဆပ်ဆွမ်းနှင့် တစ်ယောက်စာထမင်းအလှူကိုသာလျှင် ငါအလွန်နှစ်သက်သည်”–ရယ်လို့ပါပဲ။ သေခါနီးဆဲဆဲမှာ ဖြစ်လိုက်ရတဲ့ဒီကြည်နူးပီတိဟာ ဘယ်လောက်အထိ အကျိုးကြီးမားမယ်ဆိုတာ မှန်းဆတိုင်းတာလို့မရနိုင်ပါဘူး။ ဗုဒ္ဓဒေသနာများအရ ယခုပစ္စုပ္ပန်ဘဝရဲ့ နောက်ဆုံး ထွက်သက်ဟာ အနီးကပ်ဆုံး နောင်အနာဂတ်ဘဝရဲ့ ကောင်းကျိုး ဆိုးပြစ်ကိုဖန်တီးနိုင်တာမို့ အသေလှပမှုဟာ ဘဝတစ်ခုရဲ့အဆုံးသတ်မှုမှာသာမက ဘဝသစ်ရဲ့ နေထားတကျဖြစ်မှုအတွက်လဲပဲ အဓိကကျလှပါတယ်။

ဒုဋ္ဌဂါမဏီမင်းကြီးရဲ့ဘဝတစ်လျှောက်မှာ ပြုလုပ်ခဲ့တဲ့ အခြားကုသိုလ်ဒါနကြီးများနဲ့နှိုင်းစာလိုက်ရင် တစ်နပ်စာဆွမ်းလှူဒါန်းရတဲ့ ဒီကုသိုလ်လေးဟာ ဘာမှ မပြောပလောက်ပါဘူး။ ကုသိုလ်ပြုလုပ်စဉ်က ခမ်းနားတဲ့အဆောင်အယောင်မပါသလို ဝတ္ထုငွေကြေးတန်ဘိုးအနေနဲ့လဲ တကယ့်ကိုမှ သေးသေးငယ်ငယ်လေးပါ။ ဒါပေမယ့် ဒီမပြောပလောက်တဲ့အလှူဒါနလေးက တစ်ခြားကြီးကျယ် ခမ်းနားတဲ့ အလှုဒါနကြီးတွေအပေါ် လွှမ်းမိုးပြီး မင်းကြီးရဲ့စိတ်ကို ညှတ်နူးစေခဲ့တာဟာဖြင့် အလွန်မှပဲ အားရကျေနပ်ဖွယ်ကောင်းလှပါတယ်။ နည်းယူစံပြုဖွယ်လဲကောင်းလှပါတယ်။ အထူးသဖြင့် အသိအမှတ်ပြုခံလိုမှုဂုဏ်သိက္ခာတစ်ခုအတွက် ဒါမှမဟုတ် တစ်စုံတစ်ခုသောမျှော်လင့်မှုတွက် အသပြာငွေကြေးမြောက်များစွာကျခံသုံးစွဲပြီး ပကာသနအဆောင်အယောင်တွေဖုံးလွှမ်းတန်ဆာဆင်ကာ

ခမ်းနားထည်ဝါတဲ့ကုသိုလ်ကြီးများကို ပြုလုပ်တတ်လေ့ရှိသူတို့အတွက် အတုယူစရာသမိုင်းအလှ မှတ်တမ်းတစ်ခုပါ။

ဒုဋ္ဌဂါမဏိမင်းကြီးရဲ့ တစ်နပ်စာဆွမ်းနဲ့အလားသဏ္ဍာန်တူတဲ့ အရာလေးများဟာ မထင်မှတ်ပါပဲ စာရေးသူတို့ဘဝမှာလဲ မကြာခဏကြုံဆုံတတ်ပါတယ်။ ရသခံသားနိုင်မှု စွမ်းအင်ကောင်းတစ်ခုကို ပိုင်ဆိုင်ခွင့်ရနေတဲ့ စာရေးသူတို့လူသားတွေအနေနဲ့ ထုတ်ယူသုံးစွဲတတ်မယ်ဆိုရင်ဖြင့် ဆွတ်ပျံ့ကြည်နူးဖွယ်ရသကို ဘဝရဲ့နေရာတော်တော်များများကနေ အလွယ်တကူရနိုင်ခွင့်ရှိပါတယ်။

ကြီးကျယ်ထူးခြားလှတဲ့ အရာကြီးတွေကို ဖန်တီးပြနိုင်မှ ချီးမွမ်းအံ့သြလို့မကုန်နိုင်ဖွယ် အရာကြီးတွေကို လုပ်ဆောင်ပြနိုင်မှ စိတ်နှလုံးညွတ်နူးမှုကို ဖြစ်စေနိုင်တာ မဟုတ်ပါဘူး။ တခါတခါမှာ ဖြူစင်နက်ရှိုင်းတဲ့ မပြောပလောက်သော ကိုယ့်ရဲ့ ပြုမူချက်လေးကပေမယ့် အတိုင်းအဆမဲ့ ပီတိလှိုင်းတို့ကို ရင်မှာရိုက်ခတ်စေနိုင်တတ်ပါတယ်။ ဒီတော့ စာရေးသူတို့အနေနဲ့ ကြီးကျယ်ထူးခြားလှတဲ့ ဖြစ်စဉ်ကြီးတွေ ဖြစ်ပေါ်တိုးတက်အောင် ပြုမူနိုင်မှုတစ်ခုတည်းကိုသာ မျှော်လင့်စောင့်စားနေဖို့ မလိုပါဘူး။ ရနိုင်တဲ့ တတ်နိုင်တဲ့အခြေအနေထဲကနေပြီး အမွန်မြတ်ဆုံးရသကောင်းတစ်ခုခုကို ခံစားနိုင်ခွင့်ရှိသူတစ်ယောက်ဖြစ်ဖို့ကိုသာ တကယ်တမ်းလိုအပ်တာပါ။